
# ခရီးသွားကုမ္ပဏီများအတွက် COVID-19 ကာကွယ်ရေး အကြံပေးလမ်းညွှန်ချက်များ

ရပ်ရွာလူထုခရီးသွား လုပ်ငန်းများ (CBT) အတွက်
**COVID-19**
ကာကွယ်ရေး
လမ်းညွှန်ချက်များ



## ၁

ခရီးသွား ဧည့်သည်များ လာရောက်လည်ပတ်လိုပါက သက်ဆိုင်ရာ CBT မြို့နယ်အဆင့် စီမံခန့်ခွဲမှုကော်မတီကို သက်ဆိုင်ရာ ခရီးသွားကုမ္ပဏီများမှ ကြိုတင်အကြောင်းကြားပြီး နေရပ်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာနှင့် ကျန်းမာကြောင်း ဆရာဝန်ထောက်ခံစာ တပါတည်း ယူဆောင်လာရမည်။ မိမိ၏ဧည့်လမ်းညွှန်နှင့် ယာဉ်မောင်းများအား Covid-19 ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို သေချာလေ့ကျင့်ပေးပါ။ ထို့အပြင် မိမိကုမ္ပဏီ၊ ကျေးရွာဒေသခံ၊ ခရီးသွားဧည့်သည်များအပေါ် သက်ရောက်နိုင်မည့် ရောဂါအခြေအနေ ကိုင်တွယ်ထိန်းချုပ်ရေးအတွက် ၎င်းတို့၏လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို သေချာနားလည်သဘောပေါက်အောင် လေ့ကျင့်ထားပေးပါ။


## ၂

CBT နှင့် ခရီးစဉ်ကို ကြိုတင်ဘိုကင် (booking) ပြုလုပ်ပါ။ ကျေးရွာဒေသခံထံသို့ ခရီးစဉ်ကို ကြိုတင်ဘိုကင်ပြုလုပ်ခြင်း မရှိပါက ခရီးစဉ်အဆင်မပြေနိုင်ပါ။





## ၃

မိမိဧည့်လမ်းညွှန် သို့မဟုတ် ယာဉ်မောင်းအား နှာခေါင်းစည်း၊ လက်သန့်ဆေးရည်များကို လုံလောက်စွာ ပေးထားပါ။ အကယ်၍ ခရီးသွားဧည့်သည်များမှ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်များ မေ့ကျန်ခဲ့လျှင် (သို့မဟုတ်) ပျောက်ဆုံးလျှင် အသုံးပြုနိုင်ရန်ဖြစ်သည်။




## ၄

အဖုံးပါသော အမှိုက်ပုံးကို ပြင်ဆင်ထားပါ။ သို့မှသာ မိမိတို့၏ စွန့်ပစ်ပစ္စည်းများ (တစ်ရှူး၊ နှာခေါင်းစည်း၊ ရေဘူး စသည်တို့) ကို ပြန်လည်သိမ်းဆည်းပြီး အမှိုက်များကို ကျေးရွာဒေသခံများက သတ်မှတ်သည့်နေရာများတွင် စွန့်ပစ်နိုင်မည်ဖြစ်ပါသည်။



## ၅

အရေးပေါ် ကိစ္စများအတွက် ပြင်ဆင်ထားပါ။ ကျေးရွာအတွင်းလည်ပတ်စဉ် မိမိဧည့်သည် (သို့မဟုတ်) ဧည့်လမ်းညွှန်မှ Covid-19 ရောဂါလက္ခဏာများ ဖြစ်နေသည်ဟု သံသယရှိပါက ပို့ဆောင်နိုင်ရန် community quarantine ရှိသည့်နေရာကို ရှာဖွေထားပါ။ Covid-19 သံသယလူနာအား quarantine နေရာမှ ကြိုဆို၍ သင့်လျော်သည့် ဆေးရုံသို့ ပို့ဆောင်ခြင်း (Covid-19 ကာကွယ် ထိန်းချုပ်ရေးအစီအစဉ်) ကို စနစ်တကျ ရေးဆွဲထားပါ။



**ကျေးဇူးပြု၍ လမ်းညွှန်ချက်များကိုလိုက်နာပြီး ဘေးကင်းစွာနေပါ။**

International Trade Centre
MYANMAR-SECO-UN TRADE CLUSTER
United Nations Inter-Agency Cluster on Trade and Productive Capacity
UNOPS, UNCTAD, ITC, UNIDO, ILO
COMMERCE
MINISTRY OF HOTELS & TOURISM
Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Confederation
The Federal Department of Economic Affairs, Education and Research (EAER)
State Secretariat for Economic Affairs SECO
CBI
Ministry of Foreign Affairs